# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## တေးရေး အဆိုတော် ထူးအိမ်သင် ကွယ်လွန်ခြင်းအတွက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ပေးပို့သော ဝမ်းနည်းကြောင်း မှတ်တမ်းလွှာ

၈ လေးလုံးအရေးတော်ပုံကြီးကနေ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စာပေ၊ ဂီတ၊ ရုပ်ရှင် အစရှိသော အနုပညာယဉ်ကျေးမှုနယ်ပယ်ကဏ္ဍရပ်များ၌ လူငယ်မျိုးဆက်သစ်အမြောက်အများကို မွေးထုတ်ပေးခဲ့ပါသည်။

ထိုလူငယ်မျိုးဆက်သစ်များသည် သူတို့ယုံကြည်ရွေးချယ်ရာ တိမ်းညွတ်ပျော်မွေ့ရာ နယ်ပယ်ကဏ္ဍအသီးသီးက ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

ထိုလူငယ်မျိုးဆက်သစ်များကား စစ်အာဏာရှင်စနစ်တည်းဟူသော နွံအိုင်အတွင်းမှ ဖိနှိပ်မှုမျိုးစုံကိုဖြတ်ကျော်လျှက် လှပမွှေးကြိုင်စွာ ဖူးသစ်ပွင့်လန်းလာရသည့် ကြာပွင့်များလည်း ဖြစ်ပေသည်။ ဂီတအနုပညာနယ်ပယ်တွင် အဆိုတော်ထူးအိမ်သင်သည် မျိုးဆက်သစ်လူငယ်ထု၏ ရင်ခုန်သံကို ကိုယ်စားပြုနိုင်ခဲ့ပါသည်။

ယခုအခါ သီချင်းသစ်၊ ဂီတသစ်များကို လှပစွာ ခံစားဖန်တီးဆန်းသစ်စေခဲ့သော သံစဉ်နှလုံးသားသည် ငြိမ်းချမ်းစွာ တိုးတိတ်ငြိမ်သက်သွားခဲ့လေပြီ။ ထူးအိမ်သင်ကွယ်လွန်ခြင်းသည် တေးဂီတနယ်ပယ်အတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်သည်။

အဆိုတော်ထူးအိမ်သင် ကွယ်လွန်သွားခြင်းအတွက် မိမိတို့ပါတီမှ နက်ရှိုင်းစူးနစ်စွာ ကြေကွဲရပါကြောင်းနှင့် ထူးအိမ်သင် ခံစားဖန်တီးဆန်းသစ်ခဲ့သော ဂီတသံစဉ်များနှင့်အတူ ထူးအိမ်သင်သည် လူငယ်ထု၏နှလုံးသားတွင် ထာဝစဉ် လှပစွာ ရှင်သန်တောက်ပနေမည်ဟု အလေးအနက် တန်ဖိုးထား ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

**“ရာဇဝင်ဟောင်းရဲ့သချိုင်းရာ ရာဇဝင်သစ်တို့မွေးဖွားရာ ရွှေရောင်နေ့သစ်များရဲ့ ရင်ခုန်သူ တို့ရဲ့သီချင်းတွေ**
**ပျိုမျစ်စိမ်းလမ်းရေးအတွက် ယုံကြည်သူတွေ အသက်နဲ့ ထုဆစ်ခဲ့တဲ့အိပ်မက်ကဗျာ (ရောဝတီ)”**

**ဗဟိုကော်မတီ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**

နေ့စွဲ။ ၂၀၀၇ ခုနှစ် သြဂုတ်လ (၁၆) ရက်